www.burmeseclassic.com

BURMESE CLASSIC .com

# ခေတ်စမ်းပုတ္တောဝါဒ

သိပ္ပံမောင်ဝ

မောင်လူအေးတို့၏ သားကလေး မောင်လူမွေးသည် ၂ နှစ်ကျော်၊ ၂ နှစ်ခွဲအရွယ်သို့ ရောက်လာလေပြီ။ စကားကို မပီကလာပီကလာ ပြောတတ်စအရွယ် မိဖတို့၏ အပျော်ဆုံးအရွယ်ကလေး ဖြစ်၏။

မောင်လူမွေး၌ ထူးချွန်သော အချက်ကား၊ အစားနှင့် ကစားကို ခုံမင်ခြင်းဖြစ်၏။ မောင်လူမွေးတစ်ယောက်တည်းမဟုတ်၊ ကလေးတိုင်းလိုလိုပင် ကစားနှင့်အစားကို ခုံမင်တတ်ကြလေသည်။ မနက်စောစော မျက်စိနှစ်လုံးပွင့်သည်နှင့်တစ်ပြိုင်နက် သူ၏နှုတ်က လက်ဦးဆုံးထွက်သော စကားကား 'ဆီးသီးပေး' ဆိုသော စကားပင်တည်း။

အိပ်ရာမှထ၊ မျက်နှာသစ်ပြီးသည်နှင့်တစ်ပြိုင်နက် နွားနို့တစ်ခွက်နှင့် မုန့်သေတ္တာများကို စားသောက်ပြီးသော်လည်း တင်းမတိမ်သေး။ "ဆီးသီးပေး၊ ဆီးသီးပေး" ဟူ၍သာ အော်နေတော့၏။ ဗီရိုထဲမှ တရုတ်ဆီးသီးတစ်ထုပ်နှစ်ထုပ်ကို ထုတ်ပေးသော်လည်း မကျေနပ်သေး။ လေးငါးထုပ် မရမချင်းအော်၏။ ထိုအခါ မိဘတို့မှာ မနေနိုင်။ တစ်ယောက်ယောက်ကထ၍ သူကြိုက်သလောက် ယူပေးရလေသည်။

ဆီးသီးထုပ်များကို သူကြိုက်သလောက်ရသည်နှင့် တစ်ပြိုင်နက် "အောက်ဆင်းမယ်၊ အောက်ဆင်းမယ်"ဟူ၍ အော်လေတော့၏။ သူ့သဘောအတိုင်း အောက်ရောက်သောအခါ အိမ်ဘေးရှိ သဲပုံတွင် ကစားလေတော့၏။ သဲထဲတွင် လှိမ့်၍ကစားလိုကစား၊ ခေါင်းပေါ်တွင်သဲများကို တင်ကာ ကစားလိုကစား၊ သဲပေါ်ကိုရေဖြင့် လောင်းလိုလောင်း၊ စိတ်ထင်တိုင်း ကျဲနေလေသည်။ သူ့တစ်ကိုယ်လုံး ရစရာမရှိတော့ပြီ။ ဖြစ်ချင်သလို ဖြစ်နေတော့၏။

အတန်ကြာသောအခါကျမှ အိမ်ပေါ်သို့ခေါ်တင်လာပြီးလျှင် ရေချိုးပေးရ၏။ ရေချိုးအဝတ်အစားလဲပြီးသည်နှင့်တစ်ပြိုင်နက် "ဆီးသီးပေး၊ ဆီးးသီးပေး" ဟူ၍ အော်ပြန်၏။ ဆီးသီးများကို ရသလောက် ရသောအခါ "ရေကစားမယ်" ဟု အော်ပြန်၏။ ရေချိုးခန်းထဲသို့ရောက်သောအခါ ရေကစားပြန်၏။ တစ်နေ့လုံး သူ့မှာ ကစားခြင်း၊ စားခြင်းနှင့်သာ အချိန်ကုန်လေသည်။ အိပ်ချိန်လည်း ကောင်းကောင်းမအိပ်၊ ထမင်းစားချိန်ကျပြန်လျှင်လည်း ထမင်းကောင်းကောင်း မစားနိုင်။ စည်းပျက်ကမ်းပျက် ဖြစ်နေလေတော့သတည်း။

တစ်နေ့သော် မောင်လူအေး ဤသို့ဆုံးဖြတ်၏။

'ဒီကလေးကို လွှတ်ထား၍မဖြစ်တော့ပြီ။ သင့်အားစည်းကမ်းပေးတော့အံ့'

ဤသို့ မောင်လူအေး ဆုံးဖြတ်ခိုက်မှာပင် ကောင်ကလေးသည် တစ်ဖက်သောအခန်းမှနေ၍ "ဆီးသီးပေး၊ ဆီးသီးပေး" ဟုဆိုကာ ပူဆာတော့၏။ မောင်လူအေး အချက်ရလေပြီ။ ပူဆာနေသောကလေးအား မိမိ၏အနားသို့ လာရန်ခေါ်၏။ ကလေးလည်း ဗီရိုထဲမှ တရုတ်ဆီးသီးများကို ယူပေးလိမ့်မည်အထင်နှင့် မိမိဖခင်အနားသို့ ပြေး၍လာလေသည်။

ကလေး မိမိ၏အနားသို့ရောက်သောအခါ မောင်လူအေး ဆုံးမစကားပြောကြားသည်ကား ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



"အခု မောင် ဘာကိုလိုလို့ ငိုနေရတာတုန်း"

"ဆီးသီးပေး" ဟူ၍ ကလေးက တောင်း၏။

"မဟုတ်ဘူး၊ ဆီးသီးဆိုတာမျိုးကို တစ်နေ့လုံး စားနေရတာမဟုတ်ဘူး သိလား။ ထမင်းစားပြီးတဲ့နောက် တစ်လုံးတလေ စားသောက်ရတာ။ အခုတော့ မောင့်မှာ တစ်နေ့လုံး "ဆီးသီးပေး-ဆီးသီးပေး" နဲ့ ပူဆာနေတော့တာပဲ။ နားငြီးလိုက်တာ ပြောစရာမရှိ၊ ဆီးသီးတွေကို ဟောင်းတိုင်းပေးကြလို့ စားပြန်တော့ ထမင်းမစားနိုင်ဘူး။ ဒီတော့ ဘာကောင်းမလဲ။ တစ်နေ့တစ်ခြား ပိန်ညှော်ကလေးဖြစ်လာမယ်သိလား။ မောင်ဟာ ဘာမှမသိသေးပဲကိုး။ အဲဒါ အားကြီးခက်တယ်။ မသိတတ်လို့ သိတတ်တဲ့ လူကြီးကပြောပေမယ့် မရဘူး။ မောင့်စိတ်ထဲမှာများ လူကြီးတွေဟာ မောင့်လောက် နားမလည်ဘူး၊ မသိတတ်ဘူး၊ လူအတွေများ ထင်နေရှာသလား"

"ဆီးသီးပေး" ဟု ကလေးက ဆိုပြန်၏။

"ဟာ မဟုတ်ဘူး။ အခုလို ဆုံးမသြဝါဒပေးနေရာမှာတောင် 'ဆီးသီးပေး' လုပ်နေသေးတယ်။ လူကြီးကပြောတာကို နားထောင်စမ်းပါဦး။ ဆီးသီးတို့၊ မုန့်တို့ကို တစ်နေ့လုံးစားတာဟာ မကောင်းဘူးဆိုတာ မောင်မသိဘူးလား။ ကျန်းမာရေးနဲ့ ဆန့်ကျင်တယ်။ အစားအသောက်ဆိုတာ တစ်နေ့လုံး စားနေရတာမျိုးမဟုတ်ဘူး။ သူ့အချိန်နဲ့သူ စားရတယ်။ အိပ်ချိန်မှာ အိပ်ရတယ်။ စားချိန်မှာ စားရတယ်။ ကစားချိန်မှာ ကစားရတယ်။ အခုတော့ မောင့်မှာ အိပ်ချိန်မှာလည်း ကစားတော့တာပဲ။ တစ်နေ့လုံး ဆီးသီးကိုတောင်းပြီး တစ်စားတည်း စားနေတော့တာပဲ။ ထမင်းစားချိန်ကျတော့ ကောင်းကောင်းမစားနိုင်ဘူး၊ အဲဒါ ဘာကောင်းသလဲ"

"ဆီးသီးပေး" ဟု ကလေးက တောင်းပြန်၏။

"ဟဲ့ နေပါဦး၊ ပြောလေ သဲလေ ဖြစ်နေတော့တာပဲ။ မောင်ဟာ အခု အင်မတန်စည်းကမ်းပျက်နေတယ်။ ဖေဖေတို့ ငယ်ငယ်တုန်းက ဖေဖေတို့ရဲ့ အဘွား-ဘွားဒွေးကြီးဆိုတာရှိတယ်။ ဘွားဒွေးကြီးဟာ မနက်စောစော အိပ်ရာက ဖေဖေတို့ထရင် မုန့်ပျားသလက်ဖြစ်ဖြစ်၊ ဘိန်းမုန့်ဖြစ်ဖြစ် တစ်ပြားဖိုးဝယ်ကျွေးတယ်။ ပိုလို့လည်း မစားရဘူး။ ဒီတစ်ပြားနဲ့ ကျေနပ်ကြရတယ်။ ထမင်းစားချိန်ကျမှ တစ်ခါထမင်းစားရပြန်တယ်။ နေ့လယ်ကျရင်တစ်ခါ မုန့်တစ်ပြားဖိုး ဝယ်ကျွေးပြန်တယ်။ ညကျရင် ညထမင်းစားရတယ်။ အဲဒါပဲ တစ်နေ့ကို မုန့်နှစ်ပြားဖိုး စားရတယ်။ ထမင်းနှစ်ခါ စားရတယ်။ အခု မောင့်မှာတော့ ဒီလိုမဟုတ်ဘူး။ တစ်နေ့လုံး စားနေတော့တာပဲ။ မစားရရင် အော်ဟစ်ပြီး ပူဆာတယ်။ ဖေဖေတို့ ငယ်ငယ်တုန်းကတော့ အချိန်ကျစားသောက်ပြီးရင် မပူဆာတော့ဘူး။ ပူဆာရင်လည်း ဘွားဒွေးကြီးက ဝယ်ကျွေးတာ မဟုတ်ဘူး။ အရိုက်တောင်ခံရသေးတယ်။ ဒီတော့ ဖေဖေတို့ မပူဆာတော့ဘူးပေါ့။ အခုတော့ မောင့်မှာ စားရသောက်ရတာလည်း မနည်းဘူး။ ဒါလည်း ပူဆာနေသေးတာပဲ"

"ဆီးသီးပေး" ဟူ၍ ကလေးက တောင်းပြန်၏။

"ဟာ မဟုတ်ပါဘူး၊ ခက်နေပါပြီ။ အခု မောင့်မှာ လိမ္မော်ရည်ဆိုလည်း သောက်တော့တာပဲ။ မုန့်သေတ္တာဆိုလည်း စားတော့တာပဲ။ ဆီးသီးဆိုလည်း တစ်နေ့လုံး စားတော့တာပဲ။ ကိတ်မုန့်ဆိုတာလည်း မရှားဘူး။ ဖေဖေတို့တုန်းကတော့ မုန့်ပျားသလက်၊ ဘိန်းမုန့်တို့နဲ့ ကျေနပ်ခဲ့ကြတယ်။ ဖေဖေတို့နဲ့စာရင် မောင်စားတာ ၈ ဆ၊ ၉ ဆလောက် ပိုတယ်။ နောက်ဆုံးကျတော့ ဘာထူးသလဲ၊ ဘာမှမထူးဘူး။ ဖေဖေတို့ကတောင် မောင့်အရွယ်တုန်းက မောင့်ထက် ကျန်းမာသေးတယ်။ သန်စွမ်းသေးတယ်"

"ဆီးသီးပေး" ဟူ၍ဆိုကာ ကလေးက ထောက်ခံပြန်၏။

"တယ်ခက်တာကိုး၊ဆုံးမနေတုန်း တိုးတိုးလာတော့တာပဲ။ ဖေဖေတို့ မောင့်အရွယ်တုန်းက အိမ်ပေါ်မှာပဲ အရုပ်ကလေးနဲ့ ကစားရတယ်။ သဲတို့၊ ရွှံ့၊ ရေတို့နဲ့ ကစားရတာ မဟုတ်ဘူး။ ခေါင်းပေါ်မှာ သဲတွေကို တင်ဖို့တော့ ဝေးပါရော။ အခုတော့ မောင့်မှာ မိုးလင်းတာနဲ့ 'အောက်ဆင်းမယ်' နဲ့အော်။ အောက်ဆင်းရတော့ သဲတွေကို ခေါင်းပေါ်တင်ပြီး ကစားတယ်။ မောင့်ကို ထိန်းတဲ့အထိန်းတွေကလည်း မောင့်ကိုမတားဝံ့ကြဘူး။ မောင် ထင်သလို မောင်နေတယ်။ ဖေဖေတို့ လက်ထက်တုန်းကတော့ ဒီလိုဆိုရင် ဘွားဒွေးကြီးဆော်လို့ အော်နေရပြီ။ ကြားလား ဖေဖေပြောတာ"

"ဖေဖေ အောက်ဆင်းမယ်" ဟုဆိုကာ ထောက်ခံ၏။

"သြော် ခက်ပဲခက်သေးတော့တယ်။ နောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှိသေးတယ်။ ဘယ်ကိုပဲ ဖေဖေတို့သွားသွား လိုက်ချင်တော့တာပဲ။ အလကားနေရင်းလည်း ‘ပေါ်ပေါ်စီးမယ်’ ဆိုပြီး ပူဆာတယ်။ အဲဒါ ဘာကောင်းသလဲ၊ ခေါ်သင့်တဲ့နေရာကိုသွားရင် ခေါ်မှာပေါ့၊ မခေါ်သင့်တဲ့နေရာကို သွားရင် ခေါ်လို့ဖြစ်မလား။ လူကြီးဆိုတာ ကလေးထက် နားလည်တယ် သိလား။ ဘာမှ ဆူပူစရာမရှိဘူး။ အခုတော့ ဒီလို မဟုတ်ပါဘူး။ သွားတိုင်း လိုက်ချင်တယ်။ မလိုက်ရရင် ငိုတယ်၊ ဆူတယ်။ အဲဒါ ဘာကောင်းမလဲ။ ဖေဖေတို့ငယ်ငယ်တုန်းကတော့ မော်တော်ကားလည်း မစီးရပါဘူး။ အခုလို မော်တော်ကားတွေလည်း မများသေးပါဘူး။ တောင်ဝိုင်းကြီးတို့၊ တောင်ဝိုင်းကလေးတို့ဆိုတာကို သွားရင် လှည်းကြမ်းကြီးနဲ့ သွားရတယ်။ ဘွားဒွေးကြီးက ခေါ်တဲ့အခါ လိုက်ရတာပဲ။ မခေါ်တဲ့အခါ အိမ်မှာနေခဲ့ရတာပေါ့။ လိုက်မယ် ပူဆာလို့မရဘူး။ ပူဆာရင် ဝါးခြမ်းနဲ့ ဆော်တယ် သိရဲ့လား။ အခု မောင်ကတော့ ဘယ်သူ့ကိုမှ မကြောက်ဘူး။ ဘယ်သူပြောလို့မှမရဘူး”

“ဖေဖေ ပေါ်ပေါ်စီးမယ်” ဟု ပူဆာ၏။

“တယ်ခက်သကိုး။ ပြောရင်း ပြောရင်း ဆိုးဆိုးလာတယ်။ နောက်ပြီးတော့ ဖေဖေတို့ငယ်ငယ်တုန်းက အသံလွှင့်စက်တွေလည်း မပေါ်သေးဘူး။ သီချင်းစက်ဆိုတာလည်း ပေါ်ခါစရှိသေးတယ်။ အခု မောင့်မှာ ညတိုင်းညတိုင်း ‘မောင်ခွေးဖို့’ဓာတ်ပြားကို ကြားရတယ်။ ‘မောင်ခွေးဖို့’ သီချင်းစာအုပ်ကို မောင့်ဖို့ ဝယ်ပေးထားတယ်။ နို့ပေမဲ့ မောင်တစ်ခါတည်း ကြည့်တယ်။ နောက်ပြီး ပစ်ထားတယ် မဟုတ်လား။ အဲဒါ ဘာကောင်းသလဲ။ ဖေဖေတို့ ငယ်ငယ်တုန်းကတော့ ဒီစာအုပ်မျိုးမရှိဘူး။ ဒီစာအုပ်မျိုးသာ ရှိမယ်ဆိုရင် ဖေဖေတို့အင်မတန်ကြိုက်မှာပဲ။ အခုတော့ မောင့်မှာ ဒီစာအုပ်ကို ဘာမှဂရုမစိုက်ဘူး။ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်။ စာအုပ်ကို ကြည့်မယ်မဟုတ်လား”

“ဖေဖေ ဆီးသီးပေး” ဟု တောင်း၏။

“ခက်တာကိုး၊ ပြောနေ၊ ဆုံးမနေတာ မကြားဘူးလား”

“ဆီးသီးပေး” ဟု ဆိုပြန်၏။

“တယ်နော်”

“ဆီးသီးပေး”

“ဘယ့်နှယ်လဲ”

“ဆီးသီးပေး”

“ငါ့မှာ ခက်တော့တာပဲ”

“ဆီးသီးပေး”

“ဒီကလေးကို ဘယ့်နှယ်လုပ်ရပါလိမ့်”

“ဆီးသီးပေး”

“ဩော် ဒုက္ခ၊ ဒုက္ခ”

“ဆီးသီးပေး၊ ဆီးသီးပေး၊ ဆီးသီးပေး” ဟူ၍ ဆက်ဆိုကာ ကျယ်လောင်စွာ ငိုလေသတည်း။

မောင်လူအေး မတတ်နိုင်တော့သဖြင့် နေရာမှထပြီးလျှင် တရုတ်ဆီးသီး နှစ်ထုပ်ကို ယူ၍ပေး၏။ ထို နှစ်ထုပ်တို့ကို လွှင့်ပစ်လိုက်ပြီးလျှင် “အများကြီးပေး၊ အများကြီးပေး” ဟူ၍ အော်နေသောအခါ မောင်လူအေးမှာ ဗီရိုထဲမှ တရုတ်ဆီးသီးထည့်သော ပုလင်းကြီးကို ယူထုတ်ပြီးလျှင် “ကြိုက်သလောက်ယူတော်မူပါ ဘုရား” ဟုဆိုကာ ပုလင်းကို ကလေးအား ပေး၍ ထွက်သွားလေသတည်း။

သားကို အဖေ မနိုင်၊ တပည့်ကို ဆရာမနိုင်၊ တိုင်းသူပြည်သားကို အစိုးမရနိုင်သော ခေတ်ကြီးပါတကား။

❖

အတွဲ–၂၆၊ အမှတ်–၁၈၅၊ ၁၉၄၀၊ ဇွန်၊ ဂန္ထလောက မဂ္ဂဇင်း

BURMESE CLASSIC

www.burmeseclassic.com